စာဖြူစုကျေးရွာ

ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


ကျေးရွာသယံဇာတပြမြေပုံ
စာဖြူစု (ကွက်သစ်)
N
ဘုန်းကြီးကျောင်း
စေတီ
ဘုရားကျောင်း
ရေသန့်စက်
စာသင်ကျောင်း
သုသာန်
Transformer
တံတား
Box culvert
စက်ရုံ
ချောင်း
ရွာလမ်း
ခြံ
ရက်စွဲ - 20.1.2019

# Venn Diagram



# ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အေး | အေး | နေပူ | နေပူပြင်း | နေပူပြင်း | မိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးနည်း | အေး | အေး |
| အလုပ်အကိုင် | ဆောင်းသီး နှံစိုက် | ပဲနုတ် | ဆောင်းသီ နံရိတ် | ဆောင်းသီ နံရိတ် | ထွန် ယက် | ပျိုးကြဲ | မိုးစပါး စိုက် | မိုးစပါး စိုက် | – | မိုးစပါး ရိတ် | မိုးစပါးရိတ် | ပဲကြဲ |
| လက်လုပ်လက်စားမိသားစု များ ဝင်ငွေရရှိမှု (မရှိ/နည်း/များ) | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း |
| အသုံးစရိတ် | များ | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ချေးငွေ လိုအပ်မှု | မရှိ | မရှိ | မရှိ | မရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | မရှိ |
| ဝမ်းစာ ဖူလုံမှု | လုံလောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံလော က် | မလုံ လောက် | မလုံ လောက် | လုံ လောက် | လုံ လောက် | လုံလောက် | လုံ လောက် |
| သောက်သုံးရေ ရရှိမှု | လုံ လောက် | လုံ လောက် | မလုံ လောက် | မလုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် | လုံ လောက် |
| တိရစ္ဆာန်အစာ ရရှိမှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | – | – | ကြက် တုတ်ကွေး | ကြက် တုတ်ကွေး | ဝက်နား ရွက်ပြာ | – | နွားခွာနာ ရောဂါ | နွားခွာနာ ရောဂါ | ကြက် တုတ်ကွေး | – | – | – |
| ကျန်းမာရေး အခြေအနေ | – | – | – | – | ဝမ်းပျက် | ဝမ်းပျက် | တုတ်ကွေး | တုတ်ကွေး | တုတ်ကွေး | တုတ်ကွေး | – | လေငန်း |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | ရွက်ဖျက်ပိုး | သီးဖော က်ပိုး | အူလျှောက် ပိုး | – | – | – | ရွက်ဖျက် ပိုး | – | အူလျှောက် ပိုး | – | – | ငမြောင် တောင် |
| ပွဲတော် | ကရင်နှစ် သစ်ကူး | – | တပေါင်းပွဲ | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | – | – | – | – | မီးထွန်းပွဲ | ကထိန်ပွဲ | ခရစ္စမတ်ပွဲ |
| သဘာဝဘေးအန္တရာယ် | – | – | – | – | – | – | – | – | – | – | – | – |

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

စာဖြူစုကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်း ကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့၏ အရှေ့ဘက်ယွန်းယွန်းတွင် တည်ရှိသည်။ စာဖြူစု ကျေးရွာနှင့် ကွက်သစ်ကျေးရွာဟူ၍ ရွာခွဲနှစ်ခုဖြစ်နေသော်လည်း ကွက်သစ်ကျေးရွာသည် ပြည်ထဲရေး အမည်ပေါက် မဖြစ်သေး၍ စာဖြူစုကျေးရွာထဲတွင်သာ ပါဝင်နေပါသေးသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးရှိပြီး ၎င်းလမ်းမကြီးနှင့် ကျေးရွာမှာ (၄)ဖာလုံခန့်သာ ကွာဝေးပါသည်။ ရွာ၏ အနောက်တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပြီး အနောက်မြောက်အရပ်တွင် ဝေါမိတူးမြောင်းရှိပါသည်။ ခရီး သွားလာရေးတွင် ကုန်းလမ်းကိုသာ အဓိကအားထားရပြီး ကျေးရွာချင်းဆက်လမ်းမှာ မိုးရာသီတွင် ရွှံ့နွံများထူပြောပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအားဖြင့် နှစ်စဉ် မိုးရေချိန်လက်မ(၈၀)မှ (၁၀၀)ထိ ခန့်ရှိပြီး မိုးကောင်းသော နှစ်များတွင် လက်မ(၁၂၀)ခန့်အထိ ရှိတတ်ပါသည်။ မိုးတွင်းကာလ ဇွန်လနှင့် ဇူလိုင်လများတွင် မိုးစပါးစိုက်ပျိုးပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရိတ်သိမ်းလေ့ရှိသည်။ နိုဝင်ဘာလ တွင် ဆောင်းသီးနှံများ ဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်နှင့် ကိုင်းငရုတ်များတို့အပြင် နွေစပါးကိုလည်း စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ရပ်ရွာအကျိုးကိစ္စများကို ဆောင်ရွက်သော လူငယ်အဖွဲ့များရှိပြီး ကျေးရွာတွင် သာရေးနာရေးများရှိပါက လူငယ်နှင့်လူကြီးများ ညှိနှိုင်းဆောင်ရွက် ကြပါသည်။ မိုးဦးကာလတွင် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပျက်ဆီး ယိုယွင်းမှုများကို ပြုပြင်ခြင်း၊ သဲဖို့ခြင်းများကို ကျေးရွာသားများမှ အင်တိုက်အားတိုက် ပါဝင်လုပ်အားပေးကြပါသည်။ အရေးပေါ်ဖျားနာသောသူများရှိလျှင်လဲ လူကြီးလူငယ်များ စုပေါင်း၍ ဆေးရုံသို့ ပို့ဆောင်ပေးကြပါသည်။ စာဖြူစုရွာမနှင့် ကွက်သစ်ရွာခွဲတို့ ပူးပေါင်း၍

ကျောင်းကော်မတီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင် သာရေး၊ နာရေးနှင့် အလှူအတန်းများရှိလျှင် ကျေးရွာသူ၊ ကျေးရွာသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြပါသည်။ ငွေကြေးကြပ်တည်းမှုကို ဖြေရှင်းပေးနိုင်ရန် ပြင်ပငွေစု ငွေချေးအဖွဲ့များဖြစ်သော (Pact Myanmar) နှင့် (Good Brother)အဖွဲ့တို့မှာ ကျေးရွာ ပြင်ပအဖွဲ့အစည်းများအဖြစ် အကျိုးပြုလျက်ရှိနေပါသည်။ ကျေးရွာအတွင်းတွင် သမဝါယမအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး ခြံနှင့်ကိုင်းလုပ်ငန်း လုပ်ကိုင်သူ အတော်အတန်ရှိပါသည်။ စိုက်ကေပေါင်း (၄၄၀.၅)ကေ ရှိပြီး မြေလွတ်မြေလပ်များလည်း ရှိပါသည်။ နှမ်းအခါတွင် နှမ်းစပါးစိုက်ပျိုးကြသူများ အတော်အတန်ရှိပါသည်။ နှမ်းစပါးစိုက်ပျိုးသူများနှင့် ငရုတ်စိုက်သော တောင်သူများသည် မြေလွတ်မြေလပ် စာကျက်မြေများတွင် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ နှမ်းစပါးမှာ တစ်ကေလျှင် တင်း(၁၀၀) ကျော် ထွက်ရှိပြီး ငရုတ်တစ်ကေလျှင် အချိန်(၅၀၀)မှ (၈၀၀)ပိဿာအထိ ထွက်ရှိပါသည်။ စိုက်ကေများမှာ မိုးတွင်းအခါကာလများတွင် ရေမြုပ်ဧရိယာများ ဖြစ်ကြသောကြောင့် စိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးချိန်များတွင် ပိုးမွှားအန္တရာယ် ကျရောက်လေ့ရှိပါသည်။ ဆောင်းသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်းများကို စနစ်တကျ စိုက်ပျိုးနိုင်ပါက တစ်ကေလျှင် (၁၅)တင်းမှ တင်း(၂၀)အထိ ထွက်ရှိပါသည်။

စိုက်ပျိုးရေးတွင်လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို ကုမ္ပဏီမှ လက်ငင်းစနစ်၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူ အသုံးပြုလျက်ရှိပါသည်။ ဥယျာဉ်ခြံမြေများတွင် အဓိကအားဖြင့် ကွမ်းကို စိုက်ပျိုးကြပြီး ရာသီကုန် နှစ်တိုသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးဖြစ်သော ဝက်၊ ကြက်တို့ကိုလည်း အိမ်စားရိတ်ရရှိအောင် မွေးမြူကြပါသည်။ ကျပန်း လုပ်ကိုင်သူဦးရေများပြားပြီး ကျပန်းလုပ်ကိုင်သူတို့၏ တစ်နေ့လုပ်အားခမှာ ကျား(၅၀၀၀)ကျပ် နှင့် မ(၂၅၀၀)ကျပ်နှုန်း ဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းအတွက် လူငယ်အများစုမှာ ရန်ကုန်၊

မန္တလေးမြို့ကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြပြီး စင်္ကာပူ၊ မလေးရှားစသော ပြည်ပနိုင်ငံများသို့လည်း သွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိနေပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် မူကြိုကျောင်းတစ်ကျောင်း ရှိပါသည်။ ကျေးရွာတွင်းရှိ ကျောင်းသား၊ ကျောင်းသူများသာမက ကွက်သစ်ပိုင်းရှိ ကျောင်းသား၊ ကျောင်းသူများပါ လာရောက်၍ ပညာသင်ကြားကြပါသည်။ အခြေခံ အလယ်တန်းကျောင်း(ခွဲ)မှာ (၁.၅၀)ဧကရှိပြီး (၂၀၁၅-၂၀၁၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ချမှတ်ပေးသော ကျပ်သိန်း (၄၀၅)တန် အလျား ပေ၉၀၊ အနံ ပေ၃၀ ကျောင်းဆောင်သစ်တစ်ဆောင်၊ အလျားပေ(၆၀)၊ အနံပေ(၃၀) ကျောင်းဆောင်ဟောင်း တစ်ဆောင်နှင့် သွပ်မိုးဝါးကာကျောင်းဆောင်နှစ်ဆောင်ရှိပါသည်။ ကျောင်းတွင်း၌ UNICEF မှ လှူဒါန်းထားသော အဝီစိတွင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ရေသန့်တွင်းမှရေကို ပိုက်ဖြင့်သွယ်ယူ ကျောင်းသားကျောင်းသူများ အသုံးပြုကြပါသည်။ ကျောင်းတွင် အလှူရှင်တစ်ဦးမှ လှူဒါန်းထားသော ရေသန့်ပုံးတစ်ပုံးလဲရှိပါသည်။

ကျေးရွာမှ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးသို့ (၄)ဖာလုံခန့်သာဝေးသော်လည်း ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်ရွှံ့နွံထူထပ်လွန်းသောကြောင့် ကျေးရွာတွင် အရေးပေါ်လူနာများရှိပါက ခြေလျှင် ပုခက်စင်ဖြင့်ထမ်း၍ ကားလမ်းမကြီး သို့ရောက်အောင်ပို့ဆောင်ကြရပါသည်။ ကားလမ်းသို့ရောက်မှသာ ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် ကျောင်းကုန်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကြရပါသည်။ ကျန်းမာရေး အတွက် အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိနေပါသည်။ လက်ရှိအချိန်တွင် စာဖြူစုရွာမကြီး တွင် လျှပ်စစ်မီးသွယ်တန်းပြီးဖြစ်သော်လည်း ကွက်သစ်အပိုင်းတွင်မူ လျှပ်စစ်မီး မရရှိသေးပါ။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ ကောင်းမွန် ပါသည်။ ပွင့်လင်းလာသောသတင်းအချက်အလက်များ ကျေးရွာလူထုစီးပွားရေး၊ လူမှုရေး၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် သတိပြုဆင်ခြင်ဖွယ်ရာများကို

အင်တာနက်များချိတ်ဆက်ပြီး ကြည့်ရှုခွင့်ရသောကြောင့် ကျေးရွာနေပြည်သူများအား များစွာအထောက်အကူပြုပါသည်။ ကျေးရွာတွင် ကလေးသူငယ်များ အသိလိမ္မာတိုးပွား စေမည့် စာကြည့်တိုက်လည်း မရှိသေးပါ

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ပြင်ပငွေစုငွေချေးအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာတို့မှ ငွေကြေး ဝန်ဆောင်မှုအနေဖြင့် အရစ်ကျစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူ လယ်သမားများ အတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျင်(၁၅၀၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင် (၅၀၀၀၀/-)ကျပ် နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ မွေးမြူရေးနှင့်ပက်သက်၍ စီးပွားဖြစ် မွေးမြူ ထားနိုင်ခြင်းမရှိသေးပါ။

**(င) ပညာရေး**

ပညာရေးနှင့် ပက်သက်၍ စာဖြူစုကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)တွင် အများဆုံးပညာသင်ကြားကြပြီး အထက်တန်းကို ကညင်သုံးဆင့် အ.ထ.က (ခွဲ)နှင့် တံခွန်တိုင် အ.ထ.က ကျောင်းသို့ သွားရောက်၍ ပညာသင်ကြားကြပါသည်။ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ဦးရေမှာ (၃၀၀)ကျော်ရှိပါသည်။ ဆရာ၊ ဆရာမဦးရေမှာ မူလတန်းပြ (၇)ယောက်၊ အလယ်တန်းပြ (၃)ယောက်နှင့် ကျောင်းအုပ်ကြီး (၁)ယောက် ရှိပါသည်။ ကျောင်းသားအင်အားမှာ မူလတန်းမှာ (၂၅၄)ယောက်၊ အလယ်တန်းမှာ (၇၆)ယောက်ရှိပါသည်။ KG ကျောင်းသားဦးရေနှင့် မူလတန်းကျောင်းသားဦးရေမှာ နှစ်စဉ်တိုးတက်လျက် ရှိနေသော ကြောင့် ကျောင်းဆောင်သစ်များ လိုအပ်လာပါသည်။ ကျောင်းစာရေးခုံ၊ ပရိဘောဂများမှာ လည်းလိုအပ်လျက်ရှိနေပါသည်။ ရပ်ဝေးမှ လာရောက်၍ ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ချထားပေးခြင်းမရှိသေးပါ။ ကျောင်းတွင် နှစ်စဉ် အသင်းလိုက် ဘောလုံးပြိုင်ပွဲများကျင်းပပြီး အာစရိယပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုပေးပွဲအခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

**(စ) ကျန်းမာရေး**

ကျန်းမာရေးကိစ္စနှင့်ပက်သက်၍ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကိုသာ အဓိကအားထားရပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ မရှိသေးပါ။ အုပ်စုတာဝန်ရှိ ဆေးမှူး၊သူနာပြု သားဖွား၊ ကြီးကြပ်(၂) နှင့် ဝန်ထမ်းများမှာ ရာသီအလိုက် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန် ပိုးလောက်လန်းများနှိမ်နင်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်းကျားများ မပေါက်ပွားနိုင်အောင် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်များပြုလုပ်ရန် အသိပညာပေးခြင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက်လိုက်လံတိုက်ကျွေးပြီး ကလေးများအတွက် ဝက်သက်ရောဂါနှင့် အခြားလိုအပ်သော ကာကွယ်ဆေးများကိုလည်း ထိုးပေးပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍မိုးရာသီတွင် လေတိုက်ခက်မှု အနည်းအငယ်ရှိပါသည်။ မိုးတွင်းအခါတွင် မိုးရွာသွန်းမှုများသောကြောင့် ရေလျှံ၊ ရေလွှမ်းမိုးမှုဖြစ်ပေါ်ပြီး လယ်ကေအနည်းငယ် ပျက်စီးဆုံးရှုံးမှုရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေး လူကုန်ကူးမှုတိုက်ဖျက်ရေး၊ သက်ငယ်မုဒိန်းမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲများကို တာဝန်ရှိသူများမှ လာရောက်၍ ပညာပေးဟောပြောပေးကြပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျားမရေးရာတွင်လည်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုများမရှိပါ။ ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများပါ ပူးပေါင်းဆောင်ရွက် ကြပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှိပြီး ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ပိုးလောက်လန်းနှိမ်နင်းခြင်း တို့တွင် အင်တိုက်အားတိုက် လုပ်ဆောင်ကြပါသည်။ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ခရစ္စမတ်နေ့နှင့် ကရင်နှစ်သစ်ကူးပွဲတော်တို့တွင် လူမျိုးဘာသာမခွဲခြားဘဲ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း လုပ်ဆောင်ကြပါသည်။ ကရင်နှစ်သစ်ကူးပွဲတော်တွင် သက်ကြီးပူဇော်ပွဲ၊ အားကစားနှင့်

ပျော်ပွဲရွှင်ပွဲများအပြင် နိဗ္ဗာန်ဈေးများကို စည်းကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပကြပါသည်။ ထိုပျော်ပွဲရွှင်ပွဲများသည် ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်ကိုထင်ဟပ်စေသော ပျော်ရွှင်မှု ပြယုဂ်တစ်ခုပင်ဖြစ်ပါတော့သည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ကျေးရွာမီးလင်းရေးစီမံချက် | ၂ |
| ၃ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း စီမံချက် | ၃ |
| ၄ | ပညာရေး | စာကြည့်တိုက်ဆောက်လုပ်ပေးရေးစီမံချက် | ၄ |
| ၅ | ပညာရေး | ဆရာ၊ ဆရာမ လုံလောက်စွာ ချထားပေးရေး စီမံချက် | ၅ |
| ၆ | ပညာရေး | ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေး စီမံချက် | ၆ |
| ၇ | စိုက်ပျိုးရေး | စပါးမျိုးကောင်းများ လုံလောက်စွာ ရရှိရေး စီမံချက် | ၇ |
| ၈ | မွေးမြူရေး | ဝက်မျိုးကောင်းရရှိရေး စီမံချက် | ၈ |
| ၉ | မွေးမြူရေး | မွေးမြူရေးဆိုင်ရာချေးငွေရရှိရေး စီမံချက် | ၉ |

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေ ကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – အခြေခံအဆောက်အဦ | | | | | |
| • မိုးတွင်းအခါ ရွာတွင်းလမ်းများ သွားလာရခက်ခဲ ခြင်း | • မြေသားလမ်းဖြစ်နေ ခြင်း | • | • | • ကျေးရွာတွင်း အလှူငွေကောက်ခံ ခြင်း<br>• သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း | • ကျေးရွာတွင်းလမ်းအ ဆင့်မြှင့်တင်ခြင်း |
| • လျှပ်စစ်မီးသွယ် တန်းခြင်းလုပ်ငန်း အပြီးမသတ်နိုင် ခြင်း | • ဆင်းရဲ၍ ငွေကြေး မတတ်နိုင်ခြင်း | • ဓါတ်အားလိုင်းနှင့် နီးကပ် စွာရှိနေခြင်း | • | • ကျေးရွာတွင်မီးလင်း ရေးကော်မတီဖွဲ့စည်း ခြင်း<br>• ပြင်ပမှ အလှူရှင် ရှာဖွေခြင်း | • ကျေးရွာ မီးလင်းရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – ကျန်းမာရေး | | | | | |
| • ကျန်းမာ ရေး ကိစ္စ များနှင့်ပတ်သက်၍ အဆင်မပြေခြင်း<br>• အရေးပေါ်လူနာ များအသက်ဆုံးရှုံး မှုများခြင်း | • ကျေးရွာတွင်ကျေး လက်ကျန်းမာရေး ဌာနခွဲမရှိ ခြင်း | • ဆေးပေးခန်း ဆောက်လုပ် ရန် မြေနေရာရှိခြင်း | • | • ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ဆောင် ရွက်ခြင်း | • ကျေးလက်ဆေးပေး ခန်းဆောက်လုပ်ပေး ခြင်း စီမံချက် |
| ကဏ္ဍ – ပညာရေး | | | | | |
| • လူငယ်လူရွယ်များ စာဖတ်သောအလေ့ အကျင့် နည်းပါး ခြင်း | • စာပေဖတ်ရှုလေ့လာ မည့်နေရာမရှိခြင်း | • | • | • သက်ဆိုင်ရာ ဦးစီးဌာန နှင့်ချိတ်ဆက်၍ ဆောင် ရွက်ခြင်း | • စာကြည့်တိုက် ဆောက်လုပ်ပေးရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – ပညာရေး | | | | | |
| • ကလေးများ ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမ လုံလောက်မှုမရှိသောကြောင့် ကျေးရွာမှ ဆရာ၊ဆရာမ ထပ်မံ ငှားယူ၍ သင်ကြားနေရခြင်း | • ဆရာ၊ ဆရာမ အင်အား မလုံလောက် ခြင်း | • ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူလိုစိတ်ရှိခြင်း | • | • ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော ဆရာ၊ ဆရာမ အင်အားချပေးရန် တောင်းခံခြင်း | • ဆရာ၊ ဆရာမ လုံလောက်စွာ ချထားပေးရေး စီမံချက် |
| • ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရန် နေရာ အခက်အခဲဖြစ်နေခြင်း | • ကျောင်းဆောင် ဟောင်းမှာ နှစ်ကာလကြာရှည်နေသောကြောင့် ဆွေးမြေ့ အက်ကွဲနေပြီး အန္တရာယ်ရှိသည့် အဆောင်အဖြစ် | • ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာ ရှိခြင်း | • | • ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊<br>• ပြင်ပမှအလှူရှင် ရှာဖွေခြင်း | • ကျောင်းဆောင်သစ် ဆောက်လုပ်ရေး စီမံချက် |

| | | | | | |
|---|---|---|---|---|---|
| | သတ်မှတ်ထားခြင်း | | | | |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – စိုက်ပျိုးရေး | | | | | |
| • စပါးအထွက်နှုန်း လျော့နည်းခြင်း | • စပါးမျိုးကောင်းမျိုးသန့် လုံလောက်စွာ မရရှိခြင်း | • လယ်ယာမြေကောင်းများ ရှိခြင်း<br>• စိုက်ပျိုးရေးဆိုင်ရာကုမ္ပဏီများနှင့် လက်လှမ်းမီခြင်း | • | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ် စပါးမျိုးကောင်းများ ရရှိရေး တင်ပြတောင်းခံခြင်း | • စပါးမျိုးကောင်း မျိုးသန့် လုံလောက်စွာ ချထားပေးရေး စီမံချက် |

| | | | | | |
|---|---|---|---|---|---|
| ကဏ္ဍ – မွေးမြူရေး | | | | | |
| • မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် မလုပ်နိုင်ခြင်း | • မျိုးကောင်းမျိုးသန့် မွေးမြူနည်းပညာ မသိရှိသေးခြင်း | • ကျေးရွာတွင် မွေးမြူရေး လုပ်ရန် မြေနေရာကောင်းများ ရှိခြင်း | • | • မျိုးကောင်းများ ရနိုင်သော ကုမ္ပဏီများနှင့် လက်လှမ်းမှီခြင်း | • ဝက်မျိုးကောင်းမျိုးသန့် ရရှိရေးစီမံချက် |
| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
| ကဏ္ဍ – မွေးမြူရေး | | | | | |
| • မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် မလုပ်နိုင်ခြင်း | • မွေးမြူရေးလုပ်ကိုင်ရန် အရင်းအနှီး မရှိခြင်း | • ကျေးရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် မြေနေရာကောင်းများရှိခြင်း | • | • မွေးမြူရေးဆိုင်ရာ ချေးငွေကုမ္ပဏီများနှင့် ဆက်သွယ်ခြင်း | • မွေးမြူရေးဆိုင်ရာ ချေးငွေရရှိရေးစီမံချက် |

နောက်ဆက်တွဲ ၂

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

## (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၈ | ၁၃ | ၃၁ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၅၃ | ၃၆ | ၈၉ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀၀ | ၆၁ | ၁၆၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇၉ | ၇၃ | ၁၅၂ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၅၄ | ၄၅၉ | ၉၁၃ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၃၇ | ၆၉ |
| **စုစုပေါင်း** | | **၇၃၆** | **၆၇၉** | **၁၄၁၅** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၈၉** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ လူဦးရေမှာ (၁)နှစ်အောက် ကလေးငယ် မှာ အနည်းငယ်ရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ရွာ၏ ထက်ဝက်ကျော်မျှရှိကြောင်း တွေ့ရှိ ရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

## (ခ–၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၃၆ | ၁၅၁ | ၈ | မြင့်☐ လတ် ☑ နိမ် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူ ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၅ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| | အလုပ်သမား/ | | | | မြင့် ☐ လတ် ☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၃ | ၃ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၁၂ | ၁၈ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ ဝန်ထမ်း | ၃ | ၄ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| ၁၃ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | ၃ | ၃ | | မြင့် □ လတ် ☑ နိမ့် □ |
| | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| ၁၅ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| ၁၆ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| | **ပညာရေး** | | | | |
| ၁၇ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | ၂ | မြင့် □ လတ် ☑ နိမ့် □ |
| | **ကျန်းမာရေး** | | | | |
| ၁၈ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| | **လူမှုရေးလုပ်ငန်းများ** | | | | |
| ၁၉ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ | ၁ | ၁ | ၁ | မြင့် □ လတ် ☑ နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| ၂၀ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁၂၇ | ၂၄၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | **စုစုပေါင်း** | **၁၅၄** | **၁၉၁** | | ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ’** အရေအတွက်တွင် ‘ **မိသားစု ဝင်ငွေ လုပ်အား’** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘ **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)’** ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေ အနေကို ဆိုလိုပါသည်။ ဥပမာ– **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင် လုပ်ငန်း’** တွင် ရပ်တည် နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းအား အများစု လုပ်ကိုင်ကြသော်လည်း ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူဦးရေမှာ ပိုမိုများပြား ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား အိမ်များ၌ တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် အနည်း အကျဉ်းမွေးထားသော်လည်း စီးပွားဖြစ်မွေးမြူသူများမရှိသေးကြောင်းတွေ့ရှိရ ပါသည်။

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်းများ | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်

ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၅၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့ လုပ်အားခမှာ (၃၅၀၀) ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့ လုပ် အားခမှာမူ (၄၀၀၀) ကျပ်ဖြစ်ပြီး အနည်း ဆုံး တစ်နေ့ လုပ်အားခမှာ (၂၅၀၀) ကျပ်ဖြစ်ပါသည်။

## (ဂ) သဘာဝအရင်းအမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၆၅.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၇၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၄၀.၅** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏ တောင်သူအများစုမှာ ကွမ်း၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

## (ဂ-၂) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခေတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ် ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်း များ ကျောက်ခဲကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဂင်အပင်များသည် အနည်းအကျဉ်း ရှိသော် လည်း အသုံးပြုမှု နည်းပါးပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ဂကေမှ ၂ဂကေ | ၁၉ကေမှ ၅ကေ | ၄ကေအောက် | မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့် | ညံ့ | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင် | အသင့်အတင့် | နည်း | မရှိ | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ၊ ကုန်ဆုံဆိုင်၊ အရောင်း အဝယ် လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း | နေ့စား လုပ်ငန်း | နေ့စား လုပ်ငန်း |
| အိမ်ထောင်စု – ၁၅၄ | ၃၃(၁၁.၄၁%) | ၆၇ (၂၃.၁၈%) | ၉၁ (၃၁.၄၉%) | ၉၈ (၃၃.၉၂%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၃၃စု၊ မြေယာပိုင်ဆိုင်မှု (၂၀)ကေမှ(၅၀)ကေအထိ၊ အိမ်အခြေအနေမှာ တိုက်ခံ၊(၁)ထပ်၊(၂)ထပ်၊ ပျဉ်ထောင်၊သွပ်မိုးအိမ်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုမှာ လက်တွန်း ထွန်စက်၊ ရေစုပ်စက်၊ ထော်လာဂျီတို့ဖြစ်သည်။ အလယ်အလတ် ရှိသော အိမ်ထောင်စု ၆၇စု(၂၃.၁၈%)၊ မြေယာပိုင်ဆိုင်မှု (၅)ကေမှ (၁၉)ကေအထိ၊ အိမ်အခြေအနေမှာ ပျဉ်ထောင်၊သွပ်မိုး၊ ပျဉ်ခင်းအိမ်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမှာ ရေစုပ်စက်၊ဆိုက်ကယ်၊စက်ဘီးတို့ဖြစ်သည်။ ဆင်းရဲသော အိမ်ထောင်စု ၉၁စု (၃၁.၄၉%)၊ မြေယာပိုင်ဆိုင်မှုမှာ (၄)ကေအောက်၊ အိမ်အခြေအနေ မှာသွပ်မိုး၊ဓနိမိုး၊ပျဉ်ကာ၊ ပျဉ်ခင်း၊ ထရံကာတို့ဖြစ်သည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု ၉၈ စု (၃၃.၉၂%)၊ မြေယာပိုင်ဆိုင်မှုမရှိပါ၊ အိမ်အခြေအနေမှာ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ဝါးကပ်ခင်း ရှိကြောင်းတွေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပြီး ဆင်းရဲသော အိမ်ထောင်စုမှာ အများဆုံးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၌ဆင်းရဲမှုများပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

## (င.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန် |
|---|---|---|
| ၃ လအောက် ဝမ်းစာ ဖူလုံမှု | ၁၅ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၁၀ |
| ၃ လ နှင့် ၆လကြား ဝမ်းစာဖူလုံမှု | ၁၇ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၁၇<br>လုပ်အားခကြိုယူ = |
| ၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% အဖြစ် အိမ်ထောင်စု ၃၂ စုကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃ လအောက် ၁၅စုနှင့် ၃လနှင့် ၆ လအထိ ၁၇စုထိရှိကြသည်။ ကျေးရွာတွင် ဆန်ရေစပါး ပေါများသဖြင့် အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံးနိုင်ကြပါသဖြင့် ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေမှာ ဆိုးဝါးသောအခြေအနေ၌ မပါကြောင်း တွေ့ရှိရပါသည်။

## (င.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖိုးဖွားနှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၆ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ……………………………………………………………

……………………………………………………………………………………

……………………………………………………………………………………

## (င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| | | |
|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် မိုးရွာသွန်းမှုများပြား၍ လယ်မြေအများစုမှာ ရေဖုံးလွှမ်းမှုများဖြစ်တတ်ပါသည်။မိုးရာသီတွင် ဖြစ်တတ်သောရောဂါများနှင့် တိရစ္ဆာန်များ ကူးစက်ရောဂါကျရောက်မှုကြောင့် ဆုံးရှုံးမှုအနည်းအကျဉ်းရှိကြောင်း တွေ့ရှိရပါသည်။

**(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူး စက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရ ာ (Prone to accident)တွင်နေ ထိုင်သူ များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |



✔

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | များ (IDP) | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေ ထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သား | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ..........................................................................

..........................................................................................

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

## (က–၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☑ | ၁ | – | ၁ | ပညာရေး☐ ငွေကြေး☐ | ကောင်း☑ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | အဖွဲ့ | | | | | ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | သင့်☐<br>ညံ့ ☐ |
| ၂ | ကျောင်း ကော်မတီ အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☑ ငွေကြေး☐<br>ကျန်းမာရေး ☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |
| ၃ | မိခင်နှင့် ကလေး စောင့် ရှောက်ရေး အသင်း | ၁☐ ၂☑ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |
| ၄ | ဂေါပကအဖွဲ ့ | ၁☐ ၂☐ ၃☑ | ၁၂ | ၁ | ၁၃ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အရန်မီး သတ် တပ်ဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့<br>ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |
| ၆ | မီးလင်းရေး အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့<br>ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |
| ၇ | သမအဖွဲ့ | ၁☑ ၂☐ ၃☐ | ၁၂ | ၁ | ၁၃ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး ☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့<br>ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☑<br>သင့်☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ……………………………………………………………

…………………………………………………………………………………………..

…………………………………………………………………………………………..

……………………………………………………………………………………..

……………………………………………………………………………………..

……………………………………………………………………………………..

……………………………………………………………………………………..

……………………………………………………………………………………..

……………………………………………………………………………………..

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ–သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။</u>

**လေ့လာတွေ့ရှိချက်။** ။ …………………………………………………………………………

…………………………………………………………………………………………

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၈၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၆၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁၆ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၁၉ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၁၀ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၂၈၉ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိအချို့အိမ်ထောင်စုများမှာ စိုက်ပျိုးမြေကနည်းသော်လည်း စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုအချို့လည်း တွေ့ရပါသည်။ စိုက်ပျိုးမြေယာမဲ့မှာ ရွာ၏ ထက်ဝက်ကျော်ခန့်ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်သော လယ်ယာရှင်များထံတွင် နေ့စားလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့်အလုပ်အကိုင် အခွင့်အလမ်းများရရှိပါသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေသောက် (ဧက) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၅ | အဝီစိတွင်း | ၄၄၀.၅ | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးမြေဧကများအတွင်း အဝီစိတွင်းများတူးဖော်ထားခြင်းကြောင့် တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ကျေးရွာ၏ ရေသောက် ဧက (၄၄၀.၅)ဧက အား မြေအောက်ရေကို အသုံးပြု ကြပါသည်။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခု ကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | | |
| မိုးစပါး | ၂၆၅ | တင်း | ၇၀ | ၁၀၀ | ၈၀ | ဇွန် | အောက်တိုဘာ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ဆောင်းစပါး | ၁၀၀.၅ | တင်း | ၉၀ | ၁၁၀ | ၁၄၀ | ဒီဇင်ဘာ | ဧပြီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ ☐နိမ့် |
| ပဲ | ၇၅ | တင်း | ၇ | ၁၀ | ၈ | ဒီဇင်ဘာ | မတ် | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☐ ☑နိမ့် |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစုများဖြစ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများအား လိုအပ်ချက်မြင့်မားသောကြောင့် အကြွေးယူသုံးစွဲနေရပါသဖြင့် စပါးသီးနှံပေါ်ချိန်တွင် ဈေးကောင်းရသည်အထိ မစောင့်နိုင်ကြဘဲ ရရာဈေးဖြင့် ရောင်းချရသဖြင့် အမြတ်ရရှိမှုနည်းပါးပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | - | - | - |
| လက်တွန်းထွန်စက် | ၂၀ | - | - | - |

| | | | | |
|---|---|---|---|---|
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | - | - | ✔ ၄၉ |
| ရိတ်သိမ်းစက် | – | - | - | - |
| ခြွေလှေ့စက် | ၇ | - | - | - |
| ရေစုပ်စက် | ၇၃ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း–လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်သော အိမ်ထောင်စုအများစုရှိပြီး ကျွဲ၊ နွားများကို အသုံးပြု၍ လုပ်ကိုင်နေသူနည်းပါးပါသည်။ လယ်ကေများသော တောင်သူကြီးများ၊ တောင်သူ လတ်များသည် လယ်ယာသုံး၊ ဥယျာဉ်ခြံသုံး စက်ပစ္စည်းများ အသင့်အတင့် ပိုင်ဆိုင်ထားကြပါ သည်။ ကေအနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများသည်လည်း လုပ်ငန်းသုံးစက်ပစ္စည်းများ အနည်းငယ် ပိုင်ဆိုင်ထားကြပြီး အခြားလိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကိုလည်း ငှာရမ်းလုပ်ကိုင်နေကြပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတု အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☑ အသင်အတင့်ရှိ ☐ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အလွယ်တကူရသည် ☐ ရသည် ☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ |
| သဘာဝမြေဆွေး/အော်ဂဲနစ် မြေသြဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရာသီဥတုမှာ သင့်တင့် မျှတမှုရှိပါသည်။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ လယ်ယာ၊ဥယျာဉ်ခြံ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို အလွယ်တကူ ရရှိနိုင်ပါသည်။သဘာဝ မြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်း အားစုများ၊ ဓာတုပိုး သတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများအား ကျောင်းကုန်းမြို့သို့ တက်ရောက်ဝယ်ယူရပါသည်။ ရွာ၏သီးနှံထုတ်ကုန် များကို လွယ်ကူစွာ ရောင်းချနိုင် သော်လည်း ဈေးနှုန်းမှန်ကန်စွာ မရရှိပါ။ စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာများနှင့် အသိ ပညာပေး ဆွေး နွေးပွဲများ မရရှိကြပါ။ တောင်သူများအတွက် လယ်၊ဥယျာဉ်ခြံ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ လိုအပ်နေပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်သော ကုမ္ပဏီများ၊ သွင်းအားစုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်လျှင် လယ်ယာလုပ်ငန်းခွင် တိုးမြှင့်ထုတ်လုပ်နိုင်သည့် နည်းစနစ်များ ကို ကျင့်သုံး လာနိုင်မည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

### (ဇ) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑<br>ပလပ်မြေများရှိသည် ☐ |

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | ပလပ်မြေအသင့်အတင့်ရှိသည် ☐<br>မဖြေဆိုပါ ✔ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြီးမှုဖြစ်ပါက လယ်ယာမြေအနည်းငယ် ဆုံးရှုံးမှုရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေသြဇာမှာ ကျောင်းကုန်းမြို့ များ၌ဝယ်ယူရနိုင် ပါသည်။ စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာများ နှင့်အသိပညာပေးဆွေးနွေးပွဲများမရရှိပါ။ စိုက်ပျိုးသီးနှံများအား ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄ | ၁၄ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ၁၀ |
| သိုး | | |
| ဝက် | ၂၀၀ | ၂၂၀ |
| ကြက် | ၂၇၀ | ၈၁၀ |
| ဘဲ | ၅၀ | ၁၅၀ |
| နွားနောက် | | |
| ငါးလုပ်ငန်း | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် အိမ်များ၌ မွေးမြူကြပါသည်။ နွား၊ ဝက်၊ ဆိတ် ကြက်၊ ဘဲ အစရှိသဖြင့် မွေးမြူကြပါသည်။ မွေးမြူရေးကို စီးပွားဖြစ်မွေးမြူခြင်း မရှိကြပါသည်။ မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု လာရောက်ဆောင်ရွက်ပေးခြင်းများ မရှိကြကြောင်း တွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

